# ဗိုင်းရပ်စ် စစ်ဆင်ရေး။

## မြန်မာစစ်တပ်သည် ကရင်လူထု၏ COVID-19 ကာကွယ်တားဆီးမှုများကို ဖျက်ဆီးလိုက်သည်။



၂၀၂၀ ခုနှစ် မတ်လမှ စတင်၍ ကရင့်အမျိုးသား အစည်းအရုံး (KNU) သည် သူတို့၏ နယ်မြေများအတွင်း COVID-19 မှ ပြည်သူလူထုများကို ကာကွယ်ရန် ကျယ်ပြန့်သော လုပ်ရှားမှုတစ်ခုကို လုပ်ဆောင်ခဲ့သည်။ ခရိုင်တစ်ခုစီတွင် ကျန်းမာရေး ဝန်ထမ်းများကို ဗိုင်းရပ်စ် ကာကွယ်ရေး သင်တန်းများ ပေးခဲ့ပြီး ကာကွယ်ရေး ပစ္စည်းများနှင့် အပူချိန်တိုင်း ကိရိယာများကို ဖြန့်ဝေပေးခဲ့သည်။ ထိုဝန်ထမ်းများသည် အသိပညာပေးလှုပ်ရှားမှုများကို လုပ်ဆောင်ခဲ့ကြပြီး ဒေသခံလူထုများနှင့်အတူ အဓိကကျသော လမ်းများတွင် သူတို့ဧရိယာအတွင်း ဝင်ရောက်လာသည့် မည်သူ့ကိုမဆို စီစစ်ရန် ဂိတ်များ ဖွင့်လှစ်ခဲ့သည်။

ဤအလျင်အမြန် ရွေ့လျားဆောင်ရွက်မှုကို ကျေးလက်ဒေသများတွင် တုန့်ပြန်မှုရှိသောယဉ်ကျေးမှုနှင့် ကိုက်ညီသည့် အစီအစဉ်များကို ဖော်ထုတ်ရာတွင် KNU ကျန်းမာရေးဌာန၏ ကာလရှည်ကြာသော အတွေ့အကြုံများက လက်တွေ့ဖြစ်ပေါ်စေခဲ့သည်။ ယင်းအရည်အသွေးများမှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော ပြည်တွင်းစစ်နှင့် မြန်မာအစိုးရ၏ ကျန်းမာရေး စနစ် ဖွဲ့စည်းတည်ဆောက်ပုံများကြောင့် လိုအပ်ချက်အရ ဖြစ်တည်ခဲ့ခြင်းဖြစ်သည်။ အစိုးရကျန်းမာရေးစနစ်သည် တင်းမာသော ဗဟိုချုပ်ကိုင်မှု ချည်းကပ်မှုရှိပြီး တိုင်းရင်းသား လူထုများ၏ အခြေခံကျန်းမာရေး လိုအပ်ချက်များကို ဖြေရှင်းရာတွင် ဆိုးရွားစွာပင် ထိရောက်မှုမရှိပဲ တာဝန်ခံမှု မရှိသည်ကို သက်သေပြခဲ့ပြီးဖြစ်သည်။

## KPSN အကြောင်း

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် (KPSN) သည် မြန်မာနိုင်ငံအတွင်း ကရင်လူထုအခြေပြု အဖွဲ့အစည်းများပါဝင်သော အကြီးမားဆုံးသော ကွန်ရက်တစ်ခုဖြစ်သည်။ KPSN အဖွဲ့ဝင်များသည် လုံခြုံမှုကင်းမဲ့သော ပဋိပက္ခသက်ရောက်မှုခံရသော ကရင်လူမှုအသိုင်းအဝန်းများ၊ နိုင်ငံတွင်းအိုးအိမ်ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များအတွက် ဆယ်စုနှစ်ပေါင်းများစွာ လူသားချင်းအထောက်အပံ့များ ကူညီပံ့ပိုးပေးလာခဲ့သည်။ KPSN သည် ဒေသခံကရင်တိုင်းရင်းသား လူမှုအသိုင်းအဝန်းများကို လုပ်ပိုင်ခွင့်များမြှင့်တင်ပေးခြင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အကြောင်းအသိပညာပေးခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်းတင်ခြင်းနှင့် မြန်မာနိုင်ငံ ကရင်တိုင်းရင်းသားဒေသများအတွင်း ရေရှည်တည်တန့်မည့်၊ တန်းတူမျှသောငြိမ်းချမ်းရေးရရှိရေးစည်းရုံးလှုံ့ဆော်ခြင်းများ ဆောင်ရွက်သည်။

ဇွန်လ ၂၀၂၀

ဆက်သွယ်ရန် : **kpsn14@gmail.com**

ဧပြီလသို့ ရောက်သော အခါ KNU COVID-19 တုန့်ပြန်မှု အဖွဲ့သည် ထိုင်း-မြန်မာနယ်စပ် တလျှောက် အပါအဝင် ခရိုင် ခုနစ်ခုတွင် စစ်ဆေးရေး ဂိတ်စခန်း ၄၉ ခုကို ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

သို့ရာတွင် ဧပြီလ နောက်ဆုံး ပတ်တွင် မြန်မာစစ်တပ်သည်ကရင် စစ်ဆေးရေး ဂိတ်စခန်းများ ပိတ်သိမ်းရန် စတင်လုပ်ဆောင်ခဲ့သည်။ ဒူးသထူ (သထုံ) ခရိုင် (KNU တပ်မဟာ ၁) တွင် ဂိတ်စခန်း လေးခုကို ပိတ်သိမ်းရန် အမိန့်ပေးခဲ့ပြီး မေလ ၆ ရက်နေ့တွင် မူတြော် (ဖာပွန်) ခရိုင်တောင်ပိုင်း (KNU တပ်မဟာ ၅) တွင် ဂိတ်စခန်း ၂ ခုကို မြန်မာစစ်တပ်က မီးရှို့ခဲ့သည်။ ထိုသို့ဖြစ်ရာမှ KNU နှင့် လက်နက်ကိုင် ထိတွေ့မှုများဖြစ်ပွားခဲ့ပြီး မြန်မာစစ်တပ်ကပစ်ခတ်မှုကြောင့် ယခုနှစ် ဇန္နဝါရီလအတွင်းက အသက်အရွယ်ကြီးရင့်သောအရပ်သား နှစ်ဦးကို ထိခိုက်ဒဏ်ရာရစေခဲ့သည့် ဝါသိုးခိ ကျေးရွာမှ ရွာသား ၄၈၀ ကျော် အိုးအိမ်များ စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ ဇွန်လ ၂ ရက်နေ့တွင် ခလယ်လွီထူ (ညောင်လေးပင်) ခရိုင် (တပ်မဟာ ၃) ရှိ နောက်ထပ် စစ်ဆေးရေးဂိတ်စခန်း တစ်ခု ဖျက်ဆီးခံခဲ့ရသည်။

ဖျက်ဆီးခံရသော မူတြော် ဂိတ်စခန်း နှစ်ခုသည် ဖာပွန်သို့သွားရာ လမ်းမပေါ်တွင် ရှိနေပြီး စစ်ရေး ရည်ရွယ်ချက်အတွက် ဖယ်ရှားခြင်းဖြစ်သည်မှာ ထင်ရှားသည်။ လက်ရှိ အပစ်အခတ်ရပ်စဲရေးများကို ချိုးဖောက်လျက် KNU ၏ တပ်မဟာ ၅ ကို ထိုးစစ်ဆင်နေသော စစ်ဆင်ရေးအတွင်း မြန်မာ့တပ်မတော် တပ်ဖွဲ့များ၏ အလျင်အမြန် နေရာချထားမှုကို အာမခံနိုင်ရန် ရည်ရွယ်သည်။

ယခုအခါ ကမမောင်းမှ ဖာပွန်သို့ သွားရာ လမ်းမကြီးတလျှောက်တွင် မည်သည့် ကျန်းမာရေး စစ်ဆေးမှုမျှ မရှိပဲ မူတြော် အတွင်းပိုင်းသို့ ရောဂါကူးစက်ရန် လမ်းကြောင်း ပွင့်နေစေသည်။

ပြည်သူများ၏ မိမိတို့၏ ကျန်းမာရေးကို ကိုယ်တိုင် ကာကွယ်ပိုင်ခွင့်ကို ချိုးဖောက်ပြီး မူတြော် ခရိုင်အတွင်း စစ်ရေး တိုက်ခိုက်မှုများကြောင့် ဖြစ်ပွားလျက်ရှိ




*KDHW မှ ကိုဗစ်၁၉ နှင့် ပတ်သက်သော အသိပညာပေး ဆရာဖြစ်သင်တန်းအား ပို့ချနေစဉ်*

သော အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုများကြောင့် ရှိနေပြီးဖြစ်သော ရောဂါ ပြန့်ပွားနိုင်ချေကို တိုးပွားစေသည့် မြန်မာစစ်တပ်၏ ထိုဂိတ်စခန်းများအား ဖယ်ရှားမှုကို KPSN က ပြင်းပြင်းထန်ထန် ရှုတ်ချသည်။ ဤလုပ်ရပ်သည် COVID-19 တုန့်ပြန်မှုတွင် "မည်သူ့ကိုမျှ ချန်မထား" ဟူသော မြန်မာအစိုးရ၏ ကြွေးကြော်သံမှာ အတုအယောင် ဖြစ်သည်ကို ထင်ရှားစေသည်။

အန္တရာယ်ကြီးမားလှသော ကပ်ရောဂါအား ဓလေ့ထုံးတမ်းအစဉ်အလာ ကာကွယ်မှုကို ရက်စက်စွာ ဖျက်စီးပစ်ခြင်းသည် ကရင် လူမျိုးများအပေါ် ရာဇဝတ်မှုများကို ရာစုနှစ်များစွာ စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့သော မြန်မာ့တပ်မတော် အတွက် ထူးဆန်းလှသည်တော့ မဟုတ်ပေ။ ထူးခြားသည်မှာ COVID-19 ရောဂါ ကာကွယ် တားဆီးမှုများကို ဗဟိုချုပ်ကိုင်မှုဖြင့် လုပ်ဆောင်နေသော နေပြည်တော် အစိုးရကို ယခုအခါ နိုင်ငံတကာ အသိုင်းအဝိုင်းက အပြည့်အဝ သတ်မှတ်ချက်မရှိပဲ ပံ့ပိုးနေခြင်းဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံခြားအလှူရှင်များသည် တိုင်းရင်းသား ပြည်သူများ၏ မိမိတို့၏ ကျန်းမာရေးကို မိမိတို့ကိုယ်တိုင် ကာကွယ်ခွင့်အပေါ် စစ်တပ်က ချိုးဖောက်နေခြင်း အပါအဝင် ခွဲခြားဆက်ဆံမှု ရှိသော အမျိုးသား တုန့်ပြန်မှုကို မျက်စိမှိတ် ထောက်ပံ့နေခြင်းဖြစ်သည်။

နိုင်ငံတကာ အလှူရှင်များအနေဖြင့် မြန်မာအစိုးရအပေါ် ထောက်ပံ့မှုများအား နိုင်ငံတဝှမ်း မြန်မာ့တပ်မတော်၏ ထိုးစစ်များကို ချက်ချင်းရပ်ဆိုင်းရန်သတ်မှတ်ချက်ကို စတင် ချမှတ်ရန် မိမိတို့ တောင်းဆိုသည်။ ထိုသို့လုပ်ခြင်းဖြင့် ထို အကူအညီကို တိုင်းရင်းသားများအပေါ် လက်နက်သဖွယ် အသုံးပြုနိုင်ခြင်း ရှိမည်မဟုတ်တော့ပဲ ပြည်သူ လူထု တရပ်လုံး ကပ်ရောဂါဘေးမှ လှုပ်ရှားပါဝင် ကာကွယ်နိုင်မည်ဖြစ်သည်။

မိမိတို့အနေဖြင့် ကပ်ရောဂါကို နိုင်ငံတစ်ဝှမ်းလုံးအတွက် တန်ဖိုးမဖြတ်နိုင်သည့် ရှေ့တန်းကာကွယ်မှုပေးနေသော COVID-19 ကာကွယ်မှု အစီအစဉ်များအတွက် အပါအဝင် တိုင်းရင်းသား လူထုများအတွက် နယ်စပ်ဖြတ်ကျော်ကူညီမှုများကို တိုက်ရိုက်ပေးရန် နိုင်ငံတကာ အလှူရှင်များအား ထပ်မံ တောင်းဆိုလိုက်သည်။

# တပ်မတော်က ပိတ်ပစ်လိုက်သော KNU ကျန်းမာရေးစစ်ဆေးရေးဂိတ်စခန်းများ၏ အသေးစိတ်အချက်အလက်များ


## ဒူးသထူ (သထုံ) ခရိုင် (KNU တပ်မဟာ ၁)

၁။ မြန်မာ့ တပ်မတော် တပ်ရင်း ၅၀၂ က မော်စကို နယ်မြေရှိ စစ်ဆေးရေးဂိတ် သုံးခုကို ပိတ်ရန် အမိန့်ပေးသည်။

မော်စကို (Mos-ko) သည် ဒူးသထူခရိုင် တောင်ပိုင်းရှိ KNU နှင့် မြန်မာအစိုးရတို့ ရောစပ် အုပ်ချုပ်သော ဧရိယာ ဖြစ်သည်။ ဧပြီလ အစောပိုင်းတွင် မြန်မာအစိုးရအာဏာပိုင်များက စစ်ဆေးမှု လုပ်ငန်းများ လုပ်ဆောင်ခြင်းမရှိသောကြောင့် ဒေသခံ ပြည်သူများ၏ တောင်းဆိုချက်အရ KNU ၏ ဒူးသထူခရိုင်သည် မော်စကိုဒေသရှိ လမ်းမကြီးများတလျောက် ကျန်းမာရေး စစ်ဆေးရေး ဂိတ်စခန်း ၃ ခုကို ဖွင့်လှစ်ခဲ့သည်။ ဧပြီလ ၂၅ ရက်မှ ၂၇ ရက်နေ့အတွင်းတွင် အမြောက် တပ်ရင်း ၅၀၂ ၏ ဒု-တပ်ရင်းမှူး ဗိုလ်မှူးအောင်ကိုကိုက စစ်ဆေးရေးနေရာများကို အကြိမ်ကြိမ်လာရောက်လျက် ကရင်ကျန်းမာရေး လုပ်သားများကို ခြိမ်းခြောက်ခဲ့သည်။ ပဋိပက္ခကို ရှောင်ရှားရန် KNU အနေဖြင့် ထိုနယ်မြေရှိ စစ်ဆေးရေးဂိတ်စခန်း သုံးစခုကို ၂၀၂၀ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ပိတ်ပေးခဲ့သည်။ သို့ရာတွင် မေလ ဒုတိယပတ်အတွင်းတွင် ထိုဧရိယာတွင် ကရင် လူငယ်အစည်းအရုံး (KYO) က စစ်ဆေးရေး ဂိတ်စခန်း သုံးခုကို မြန်မာ့တပ်မတော်၏ ခြိမ်းခြောက်မှုကြားမှပင် ပြန်လည် ဖွင့်လှစ်ခဲ့သည်။

၂။ မြန်မာ့တပ်မတော်တပ်ရင်း၄၀၂က ကောကြာသဲ (တိုးဘိုလေး)စစ်ဆေးရေး ဂိတ်စခန်းကို ပိတ်ရန်အမိန့်ပေးသည်။

ကောကြာသဲ (တိုးဘိုလေး) သည် ဒူးသထူခရိုင် အလယ်ပိုင်းရှိ နှစ်ဖက်






ရပ်ရွာအဆင့် ကိုဗစ်၁၉ ကပ်ရောဂါနှင့်ပတ်သက်သော အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်နေပုံ




*KDHW ကျန်းမာရေးဝန်းထမ်းအဖွဲ့မှ ခရီးသွားလာသူများကို ကိုယ်အပူချိန် တိုင်းတာနေပုံ*

အုပ်ချုပ်ရေး ရောစပ်နေသည့် နောက်ထပ် နေရာ တစ်ခုဖြစ်သည်။ ဧပြီလ ၁၀ ရက်နေ့တွင် အမှတ် ၈ စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ်လက်အောက်ခံ မြန်မာ့တပ်မတော် ခြေမြန်တပ်ရင်း ၄၀၂ မှ အင်အား ၅၀ ခန့်ရှိ စစ်ကြောင်း နှစ်ခုရောက်လာပြီး KNU ကျန်းမာရေး လုပ်သားများနှင့် ရဲများကို စစ်ဆေးရေး ဂိတ်စခန်းကို ဖျက်သိမ်းပြီး ထွက်ခွာသွားရန် အမိန့်ပေးခဲ့သည်။ ထိုနေ့ အစောပိုင်းက လက်နက်ကိုင် အစောင့်အများအပြားဖြင့် ဒေသခံ ဘုန်းကြီးကျောင်းတကျောင်းသို့သွားသည့် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီးဖြစ်သူကို ကျန်းမာရေး စစ်ဆေးရေး ဂိတ်က တားဆီးခဲ့သည်။ ကားမောင်းသူ တစ်ဦးသာဆင်းလာပြီး ကိုယ်အပူချိန် တိုင်းခံခဲ့ကာ သူ့လက်များကို ဆေးခဲ့သည်။ သို့ရာတွင် တိုင်းမှူး၏ ဇနီးဖြစ်သူက စိတ်ပျက်သွားခဲ့ပြီး အိမ်ပြန်ရောက်သောအခါတွင် သူမ၏ ခင်ပွန်းဖြစ်သူအား KNUများက သူမတို့ကားကို သေနတ်များ ဖောက်ပြီး ရပ်တန့်ခိုင်းခဲ့ကြောင်း လွဲမှားစွာ စွပ်စွဲတိုင်ကြားခဲ့သည်။

ပဋိပက္ခကို ရှောင်ရှားရန် KNU က တစ်ပတ်ကျော်ကြာအောင် ထိုစစ်ဆေးရေး ဂိတ်စခန်းကို ဖယ်ရှားထားခဲ့သော်လည်း မေလ ၁၀ ရက်နေ့တွင် ပြန်လည် ဖွင့်လှစ်ခဲ့သည်။ မြန်မာ့တပ်မတော် အမှတ် ၃ စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ်မှ တပ်ဖွဲ့များ ရောက်ရှိလာပြီး ဧပြီလ ၂၇ ရက်နေ့က အစိုးရ၏ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေး စင်တာက ဖွဲ့စည်းခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များနှင့် COVID ကာကွယ်တားဆီးရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ဖွဲ့စည်းခဲ့သည့် ကော်မတီထံမှ ခွင့်ပြုချက် ရသည်အထိ စစ်ဆေးမှုများကို ရပ်ဆိုင်းထားရန် အမိန့်ပေးခဲ့သည်။ သို့ရာတွင် KNU သည် စစ်ဆေးရေး ဂိတ်စခန်းကို ဆက်လက်ဖွင့်ထားခဲ့သည်။

## မူတြော်ခရိုင် (KNU တပ်မဟာ ၅)

မြန်မာ့တပ်မတော် တပ်ရင်း ၄၀၅ သည် ဝါသိုးခို နှင့် ဖလို ရှိ ကျန်းမာရေး စစ်ဆေးရေး ဂိတ်စခန်း နှစ်ခုအား မီးရှို့ဖျက်ဆီးခဲ့ပြီး KNU နှင့် လက်နက်ကိုင် ပဋိပက္ခကို ဖြစ်ပွားစေခဲ့သည်။

၂၀၂၀ ခုနှစ် မေလ ၆ ရက်နေ့တွင် အမှတ် ၈ စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်လက်အောက်ခံ မြန်မာ့တပ်မတော် ခြေမြန်တပ်ရင်း ၄၀၅ သည် ကမမောင်းမှ ဖာပွန်သို့ သွားရာ လမ်းမကြီးပေါ်ရှိ မူတြော်ခရိုင်၊ ဒွဲလိုးမြို့နယ်၊ ဝါသိုးခို နှင့် ဖလို နေရာများသို့ ရောက်ရှိလာပြီး KNU ၏ ကျန်းမာရေး စစ်ဆေးရေး ဂိတ်စခန်းများကို ဖျက်ဆီးသွားခဲ့သည်။ သူတို့က KNU ကျန်းမာရေး လုပ်သားများနှင့် ရဲများကို ပထမဦးစွာ မောင်းထုတ်ပြီး ဝါးဖြင့်ဆောက်လုပ်ထားသော စခန်းများကို မီးရှို့ခဲ့သည်။

ယင်းသည် ဝါသိုးခို ကျေးရွာ အနီးတွင် KNU နှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားစေခဲ့ပြီး မြန်မာ့တပ်မတော်က ပစ်မှတ်ထားမည်ကို စိုးရိမ်သော ဝါသူးခိုရှိ ရွာသား ၄၈၀ ကျော်တို့သည် သူတို့အိမ်များမှ ထွက်ပြေးခဲ့ကြသည်။ မြန်မာစစ်တပ်က ဝါသိုးခို ရွာမှ အသက်အရွယ်ကြီးရင့်သော ရွာသား နှစ်ဦးကို ၂၀၂၀ ခုနှစ် ဇန္နဝါရီလအတွင်းက ပစ်ခတ်ခဲ့ပြီး ဒဏ်ရာရစေခဲ့သည်။

## ခလယ်လွီထူ (ညောင်လေးပင်) ခရိုင် (KNU တပ်မဟာ ၃)

မြန်မာ့တပ်မတော် တပ်ရင်း ၂၀ က တကော်ခီးရှိ စစ်ဆေးရေး ဂိတ်စခန်းကို ဖျက်ဆီးခဲ့သည်။

ဇွန်လ ၂ ရက်နေ့တွင် ခလယ်လွီထူ ခရိုင်၊ စောထိမြို့နယ် တကော်ခီးရွာရှိ KNU ကျန်းမာရေး စစ်ဆေးရေး ဂိတ်စခန်းကို မြန်မာ့တပ်မတော် ခလရ ၂၀ က ဖျက်ဆီးခဲ့သည်။ ထို စစ်ဆေးရေးဂိတ်မှာ ထိုနေ့ နံနက်ပိုင်းတွင်မှ COVID-19 တုန့်ပြန်ရေး ကော်မတီက စတင်တည်ဆောက်ခဲ့ပြီး ညနေပိုင်းတွင် ဖျက်ဆီးခြင်းခံခဲ့ရခြင်းဖြစ်သည်။ မြန်မာစစ်တပ်က စစ်ဆေးရေး ဂိတ်စခန်း တည်ဆောက်ရန် အထက်မှ အမိန့်မရသောကြောင့် ဖြစ်ကြောင်း အကြောင်းပြခဲ့သည်။